# တိုင်းတပါးနယ်ချဲ့ထက် ဆိုးသော ဇာတ်တူသားစား မြန်မာစစ်အစိုးရ

ကျနော်တို့၏ဘိုးဘေးများ မြန်မာနိုင်ငံတွင် ကျွန်ဖြစ်ခဲ့ကြရသည့် ဗြိတိသျှကိုလိုနီခေတ်၌ တမျိုးသားလုံး လွတ်လပ်ရေးလိုချင်၍ နိုင်ငံရေးလုပ်ကြသည်။ တိုင်းတပါးသားတို့၏ ကျွန်ဘဝမှ လွတ်မြောက်ရန် မျိုးချစ်စိတ်များ အလွန်ထက်သန်ကြသည်။ မိမိကိုယ်ကို "သခင်"၊ "သခင်မ"ဟု အမည်တပ်ကာ နယ်ချဲ့ကို တော်လှန်သည်။ အုပ်စိုးသူ ဗြိတိသျှ အစိုးရ၏ အာဏာကို ဖီဆန်ကြသည်။

အာဏာဖီဆန်သူ မြန်မာတို့အား တိုင်းတပါးသား နယ်ချဲ့အစိုးရက နိုင်ငံရေးပြစ်မှုဖြင့် ထောင် (၆)လ ပြစ်ဒဏ်ချမှတ်သည်။ မျိုးချစ်စိတ်ထက်သန်သူ မြန်မာတို့ကလည်း "သခင်ပေါက်စ ထောင်(၆)လ" ဟူ၍ပင် သရော်ကာ မကြောက်မရွံ့ ထောင်ကျခံပြီး နိုင်ငံရေး လုပ်ကြသည်။

လက်နက်ကိုင် နည်းလမ်းမျိုးစုံဖြင့် တော်လှန်ခဲ့ကြသည်လည်း ရှိသည်။ သို့သော် နောက်ဆုံးတွင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်သာ အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့ပြီး လွတ်လပ်ရေး ရရှိလာခဲ့ သည်။ တမျိုးသားလုံး ကျွန်သဘောက်ဘဝမှ လွတ်မြောက်ခဲ့လေတော့သည်။

(မှတ်ချက်။ အထက်ပါ သမိုင်းကြောင်း အစစ်အမှန်ကို နောင်လာနောက်သားတို့ သိရှိအောင် မပျောက် မပျက် ထိန်းသိမ်းပေးနိုင်ခဲ့ကြသည့် ကျေးဇူးရှင်များကြောင့်သာ ယခုကဲ့သို့ ဖော်ပြနိုင်ခြင်း ဖြစ်သည်။ ကျနော်တို့ခေတ်တွင်လည်း မျိုးဆက်သစ်များအား သမိုင်းကြောင်း အစစ်အမှန်များကို ဖော်ထုတ် လက်ဆင့်ကမ်းနိုင်ရန် တာဝန်ရှိလာသည်။)

တိုင်းတပါး ဗြိတိသျှတို့က လူမျိုးခြား၊ ဘာသာခြား၊ ယဉ်ကျေးမှုချင်း ခြားနားသည်ဖြစ်ပြီး နယ်ချဲ့စနစ်ဖြင့် မြန်မာလူမျိုးတို့အပေါ် ကိုယ်ချင်းစာနာစိတ် မရှိ၊ ရနိုင်သမျှ ဂုတ်သွေးစုတ်သည်။ အနိုင်အထက်ပြု ကိုယ်ကျိုးရှာသည်။

သို့သော် ထိုခေတ်၌ မြန်မာ့မြေပေါ်မှ မြန်မာလူမျိုးတို့ တိုင်းတပါးသို့ ထွက်ပြေးစရာ မလိုခဲ့။ မြန်မာလူမျိုး တို့အနေဖြင့် လက်မခံနိုင်လောက်သည့် အစိုးရအုပ်ချုပ်ရေး၊ ဥပဒေနှင့် တရားစီရင်ခြင်းများ ရှိနေသည့် တိုင်အောင် ယခုခေတ်လောက် တရားမဲ့မှုမရှိ။ ထိုခေတ်က နိုင်ငံတကာ အဆင့်ဖြင့် လူ့အခွင့်အရေး များကို တပြေးညီ လက်ခံနိုင်ခြင်း မရှိသေးစေကာမူ အုပ်စိုးသူ ဗြိတိသျှအာဏာပိုင်တို့က ကျူးလွန် ဖောက်ဖျက်မှုတို့မှာ ယခုခေတ်လောက် မဆိုးဝါးခဲ့။ ထိုစဉ်က တရားဥပဒေ စိုးမိုးမှုဆိုသော ဝေါဟာရမှာ ခေတ်မစားသေး။ သို့သော် အုပ်စိုးသူအာဏာပိုင်တို့က တရားဥပဒေ စိုးမိုးမှုကို အထိုက်အလျောက် လေးစားစွာ ကျင့်သုံးနိုင်သေးသည်။

ယနေ့မြန်မာနိုင်ငံမှ စစ်အစိုးရမူကား ကိုယ့်လူမျိုးအချင်းချင်း အပေါ်မှာပင် ကိုယ်ချင်းစာစိတ်၊ လူသားချင်းစာနာစိတ် ကင်းမဲ့သည်။ တိုင်းတပါးမှ ကျူးကျော်နယ်ချဲ့လာသူတို့ပမာ ပြည်သူတို့အပေါ် ရသမျှ ဂုတ်သွေးစုတ်၍ ကိုယ်ကျိုးရှာသည်။ အမိမြေကျေးဇူးကို မေ့လျော့နေသည်။ အမိမြေကို သစ္စာဖောက်သည်။ အသားထဲမှ လောက်ထွက်လေပြီ။

ယနေ့ခေတ်တွင် မြန်မာနိုင်ငံ၌ အမှန်ပင် ကိုယ့်မင်းကိုယ့်ချင်း အချုပ်အခြာအာဏာ ပိုင်ဆိုင်နေသည်။ သို့သော် လက်ရှိအုပ်စိုးသူတို့၏ ရက်စက်ကြမ်းကြုတ်စွာ အုပ်ချုပ်ခံရသည့်ဒဏ်၊ လွတ်လပ်မှု ဆိတ်သုန်း ရသည့်ဒဏ်၊ လူ့အခွင့်အရေး ဆုံးရှုံးရသည့်ဒဏ်၊ တရားမဲ့မှုဒဏ်၊ ဆင်းရဲနွမ်းပါးသည့်ဒဏ်၊ ဖွံ့ဖြိုး တိုးတက်မှု နိမ့်ကျသည့်ဒဏ်၊ လူမျိုးစုလိုက် ပြုန်းတီးသည့်ဒဏ်၊ ယဉ်ကျေးမှု-သာသနာ ကွယ်ပျောက်

တော့မည့်ဒဏ် အစရှိသည်တို့ကို ဆက်လက်ခံနိုင်စွမ်း မရှိတော့သဖြင့် မြန်မာလူမျိုးတို့ အမိမြေမှ စွန့်ခွာထွက်ပြေးနေရလေပြီ။ ကျန်သူတို့လည်း ဆက်လက် ခေါင်းငုံ့ခံနေရဆဲပင် ရှိသည်။ ထိုထိုသောဒဏ်တို့မှ လွတ်မြောက်အောင် အနစ်နာခံကြိုးပမ်းပေးနေသူတို့မှာလည်း အရက်စက်ဆုံး နှိပ်ကွပ်ခံနေရပြန်သည်။

မြန်မာနိုင်ငံတွင် လက်ရှိအုပ်စိုးသူတို့က တာဝန်ရှိသည့်အတိုင်း လုပ်ဆောင်ပေးရမည့် ကျန်းမာရေး စောင့်ရှောက်ခွင့်ကို ပြည်သူလူထုက မည်သည့်အခါမှ မျှတစွာ မရရှိ။ ထိုအခါ လူထုမှာ ရောဂါ ဝေဒနာများ ခံစားရင်း နိုင်ငံတကာအဆင့် အမြင့်ဆုံးနှုန်းဖြင့် သေဆုံးနေကြရသည်။ မသေသင့်ပဲ သေရသူတို့ နေ့စဉ်နှင့်အမျှ ဒုနှင့်ဒေး ပေါများနေသည်။ ဤသည်မှာ ကိုယ့်လူမျိုး အချင်းချင်း အနုနည်းဖြင့် ရက်ရက်စက်စက် သတ်နေခြင်းသာ ဖြစ်သည်။

ပြည်သူတို့ ရင်နာနေရသည့်အဖြစ်၊ ခံပြင်းနေရသည့်အဖြစ်၊ လူမသိသူမသိ တက်ခေါက်နေရသည့် အဖြစ်တို့ကို အာဏာပိုင်တို့ သိနေမည်မှာ မုချမလွဲပင်။ သို့သော် ကိုယ်ချင်းစာစိတ် ကင်းမဲ့လွန်းသည်။ လစ်လျူရှုနိုင်လွန်းသည်။ တာဝန်မဲ့နိုင်လွန်းသည်။ ဤသည်မှာ ၎င်းတို့၏ လောဘ၊ ဒေါသ၊ မောဟများ တဖက်စွန်းရောက်အောင် ဆိုးဝါးနေသောကြောင့် ဖြစ်သကဲ့သို့ ၎င်းတို့ကျူးလွန်မိသမျှ ပြန်လည် အပြစ်ပေးခံရမည်ကို အကြောက်ကြီးကြောက်နေသောကြောင့်လည်း ဖြစ်သည်။

နယ်ချဲ့ခေတ်က နိုင်ငံရေး လုပ်နိုင်ခွင့်ရှိသည်။ အလွန်ဆုံးထောင်ကျ (၆)လထဲသာ။ လက်မထောင်၍ ထောင်ထဲဝင်သည်။ တမျိုးသားလုံးလွတ်မြောက်ရေးအတွက် နိုင်ငံရေးလုပ်ရသည်ကို ဂုဏ်ယူကြသည်။

ယနေ့ စစ်အစိုးရတို့ခေတ်တွင် အာဏာရှင်စနစ်ကို တွန်းလှန်မည့် နိုင်ငံရေးလုပ်ခွင့် လုံးဝမရှိ။ နိုင်ငံရေး ယုံကြည်ချက်ဖြင့် လှုပ်ရှားလျှင် အခြားရာဇဝတ်မှုပုဒ်မ အတပ်ခံရပြီး (၆၅)နှစ်၊ (၆၈)နှစ်၊ (၉၄)နှစ်၊ နှစ်(၁၀၀)ကျော် စိတ်ထင်တိုင်း ဥပဒေမဲ့ အပြစ်ပေးခံနေရသည်။

နိုင်ငံရေးအမှုသည် မည်သည့်အခါမျှ ရာဇဝတ်မှုမဟုတ်။ နိုင်ငံရေးအမှုသည် နိုင်ငံရေးအမှုသာဖြစ်သည်။ အခြားနာမည်ဖြင့် မည်သို့မျှ ပြောင်းလဲအစားထိုး သတ်မှတ်၍ မရနိုင်။ အတင်းအဓမ္မ စွပ်စွဲကာ ဥပဒေမဲ့ ဆုံးဖြတ်စီရင် ပြစ်ဒဏ်ချလျှင် အုပ်စိုးသူအစိုးရသာ မတရားမှုကို ကျူးလွန်သူ ဖြစ်သည်။ ဥပဒေကို ဖောက်ဖျက်သူသာ ဖြစ်တော့သည်။

ယနေ့ ကျနော်တို့ခေတ်တွင်ကား တိုင်းတပါးနယ်ချဲ့တို့ မရှိတော့ပြီ။ သို့သော် မြန်မာနိုင်ငံသားတို့မှာ ဆက်လက် ကံဆိုးနေရဆဲ။ ပို၍ပင် ကံဆိုးလှသည်။ အုပ်စိုးသူ စစ်အစိုးရက ကျနော်တို့ မြန်မာလူမျိုး အချင်းချင်း ကျွန်ဇာတ်သွင်း၍ တရားမဲ့ဆုံး၊ ကမ်းကုန်အောင် အရက်စက်ဆုံး ဖိနှိပ်ချုပ်ချယ်နေရာ မြန်မာနိုင်ငံသားတို့မှာ လူမျိုးတူအချင်းချင်း၏ အာဏာရှင် ကျွန်သဘောက်ဘဝမှ မလွတ်မြောက်နိုင် သေးပဲ ရှိနေရသည်။

သို့သော် မျှော်လင့်ချက်က ပျောက်မသွား။ သန္နိဋ္ဌာန်က လျော့မသွား။ အရက်စက်ဆုံး ဖိနှိပ်ဖြိုခွဲ ခံနေရသည့်တိုင် လွတ်မြောက်လိုသည့်ဆန္ဒက ပိုမိုကြီးမားလာသည်။ လွတ်မြောက်ရေးအတွက် အနစ်နာခံသူတို့ ပိုမိုတိုးပွားလာသည်။ ဤအတိုင်းဆက်လုပ်နိုင်သရွေ့ တနေ့ကျလျှင် အာဏာရှင် လက်အောက်မှ မြန်မာတမျိုးသားလုံး လွတ်ကိုလွတ်မြောက်ရမည်သာ။

လွင်အောင်စိုး

၂၂-၁၁-၂၀၀၈

မြန်မာနိုင်ငံ အမျိုးသားနေ့